မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ
September 24, 2025 Volume 94, Number 18

၂၄. ၉.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၇၆.၀၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၃.၈၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၃၄.၅၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၈၉.၃၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၄.၉၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၆၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၀.၂၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၉.၇၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၅.၇၂ ကျပ် |

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## တနင်္သာရီတိုင်းဒေသကြီးအတွင်း ဒူးရင်းတိုးချဲ့စိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်း



တနင်္သာရီတိုင်းဒေသကြီးအတွင်း ယခင်က ဒူးရင်းစိုက်ပျိုးရာတွင် ဒေသမျိုးများကို စိုက်ပျိုးလေ့ရှိပြီး လက်ရှိတွင် စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးပွားထုတ်လုပ်ထားသည့် မိကျောင်းခေါင်းမျိုး၊ ကန်ကလေး – ၁ နှင့် ကန်ကလေး – ၂ မျိုးများ စိုက်ပျိုးလျက်ရှိသည့်အပြင် မွန်ထောင်း၊ ဆူးမဲ၊ မူစံကင်းမျိုးများကို ပိုမိုတိုးချဲ့စိုက်ပျိုးလာကြရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ယခုအခါ တနင်္သာရီတိုင်းဒေသကြီးအတွင်း မွန်ထောင်း၊ မိချောင်းခေါင်း၊ ချန်နီ၊ မူစံကင်း၊ ဖုန်မဏီစသည့် နိုင်ငံခြားဒူးရင်းမျိုးများကို ပိုမိုတိုးချဲ့စိုက်ပျိုးလုပ်ကိုင်လာကြပြီး မျိုးကောင်းမျိုးသန့်ဒူးရင်း ရွေးချယ်ရာတွင် အသီးထွက်နှုန်းကောင်း၊ အိမ်မြွာကြီးပြီး အသားထူအရသာကောင်း၍ စောစောသီးပွင့်သည့် ဒူးရင်းမျိုးများလည်း ရွေးချယ်စိုက်ပျိုးကြကြောင်း သိရသည်။

ဒူးရင်းကို မွန်ပြည်နယ်နှင့်တနင်္သာရီတိုင်းဒေသကြီးတို့၌ အများဆုံးစိုက်ပျိုးပြီး ပဲခူးတိုင်းဒေသကြီးရွှေကျင်နှင့် ကျောက်ကြီးဒေသတို့၌လည်း အနည်းငယ်စိုက်ပျိုးကြကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီး၌ ရော်ဘာ၊ ဆီအုန်း၊ ကော်ဖီ၊ ကိုကိုးစသည့် သီးနှံများအပြင် ဈေးကွက်ဝင်သီးနှံဖြစ်သော ဒူးရင်းစိုက်ပျိုးမှုမှာလည်း အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

၂၀၂၄-၂၀၂၅ ခုနှစ်တွင် တနင်္သာရီတိုင်းဒေသကြီး၌ ဒူးရင်းစိုက်ပျိုးထုတ်လုပ်မှုအနေဖြင့် စိုက်ဧက ၁၀,၅၄၃ ဧက၊ အသီးခူးဧက ၁၀,၂၁၁ ဧကရှိပြီး တစ်ဧက ပျမ်းမျှ

အထွက်နှုန်း ၄၄၅၇ လုံးခန့်ထွက်ရှိကာ ဒူးရင်းမျိုးကွဲအလိုက် စိုက်ပျိုးထုတ်လုပ်မှုအနေဖြင့် ပြည်ပမျိုး ၂၀ ရာခိုင်နှုန်းနှင့်ဒေသမျိုး ၈၀ ရာခိုင်နှုန်း စိုက်ပျိုးထားခြင်းဖြစ်ကြောင်း သိရသည်။

**Source :** https://www.myawady.net.mm/

## ထောပတ်သီး ဝယ်လိုအားတက်နေသဖြင့် တိုးချဲ့စိုက်ပျိုးရန် စီစဉ်




ပြည်တွင်းနဲ့ ကမ္ဘာလုံးဆိုင်ရာ ဝယ်လိုအားမြင့်တက်နေတာကြောင့် မြန်မာနိုင်ငံမှာ ထောပတ်သီးစိုက်ခင်းတွေ တိုးချဲ့သွားဖို့ အစီအစဉ်ရှိကြောင်း မြန်မာနိုင်ငံ ထောပတ်သီးစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း (MAVO) ကနေ သိရပါတယ်။

Hass အမျိုးအစားလိုမျိုး ဈေးကွက်လိုအပ်ချက်နဲ့ ကိုက်ညီတဲ့ ထောပတ်သီးမျိုးတွေကိုစိုက်ပျိုးသွားမယ်လို့တာဝန်ရှိသူက ဆိုပါတယ်။

ပြီးခဲ့တဲ့ထောပတ်သီးရာသီမှာအရည်အသွေးမြင့် Hassအမျိုးအစား ထောပတ်သီးတန်ချိန် ၃၀၀၀ ခန့်အထိအထွက်နှုန်းကောင်းမွန်ခဲ့ပြီးယခုနှစ်ရာသီမှာလည်းအထွက်နှုန်းမြင့်မားနိုင်မယ်လို့ ခန့်မှန်းထားပါတယ်။

ပြည်တွင်းမှာ စိုက်ပျိုးတဲ့ Hass ၊ Buccaneer ၊ အမရာ စတဲ့ ထောပတ်သီးမျိုးတွေရဲ့ လိုအပ်ချက်မှာ တစ်နှစ်ထက်တစ်နှစ် တိုးလာတဲ့အကြောင်း အစီရင်ခံစာတွေက ဆိုပါတယ်။

ယခုနှစ်မှာ ပြည်တွင်းထုတ် အရည်အသွေးမြင့် Hass ထောပတ်သီးတွေကို စင်ကာပူနဲ့ ထိုင်းနိုင်ငံကို အဓိကတင်ပို့မယ်လို့လည်း MAVO တာဝန်ရှိသူက ဆိုပါတယ်။

MAVO နဲ့ စိုက်ပျိုးရေးဦးစီးဌာနတို့ဟာ တရုတ်နိုင်ငံကိုလည်း တရားဝင်တင်ပို့ခွင့်ရဖို့ GACC လက်မှတ်ရရှိရေး ပူးပေါင်းဆောင်ရွက်နေပါတယ်လို့ ၎င်းက ဆက်ပြောပါတယ်။

ပြီးခဲ့တဲ့နှစ်က ပြည်တွင်းမှာ စိုက်ပျိုးထွက်ရှိတဲ့ ထောပတ်သီးတွေကို မလေးရှားဈေးကွက်ထံ စမ်းသပ်တင်ပို့နိုင်ခဲ့ပြီး လက်ရှိမှာလည်း အိန္ဒိယနိုင်ငံကို နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှတစ်ဆင့် အနည်းငယ် စတင်တင်ပို့လျက်ရှိတယ်လို့ သိရပါတယ်။

**Source :BETV Business**

## ကြိတ်ဖတ်များကို သိုလှောင်ပြီး ဈေးနှုန်းကြီးမြင့်အောင်မလုပ်ဖို့ သတိပေး




လက်ရှိမှာ ပြည်တွင်းဆီကြိတ်ဖတ်တွေဖြစ်တဲ့ ထွက်ရှိတဲ့ ပဲဖတ်၊ နှမ်းဖတ်၊ နေကြာဖတ်၊ မုန်ညင်းဖတ်၊ ပန်းနှမ်းဖတ်၊ ပဲပုပ်ဖတ်စတဲ့ ဆီကြိတ်ဖတ်ဈေးနှုန်းတွေ မြင့်တက်လာနေတယ်လို့ ဆိုပါတယ်။

ကြိတ်ဖတ်တွေက မြန်မာနိုင်ငံရဲ့ မွေးမြူရေးကဏ္ဍအတွက် အရေးပါတဲ့ ကုန်စည်တွေဖြစ်တာကြောင့် ကြိတ်ဖတ်ဈေးတွေ မြင့်တက်လာပါက အများပြည်သူနေ့စဉ်စားသုံးရတဲ့ အသား၊ ငါး၊ ဥ၊ နို့ဈေးတွေ မြင့်တက်လာနိုင်တဲ့အပြင် ပြည်တွင်းတိရစ္ဆာန်အစာ လိုအပ်ချက်ရှိသောကြောင့် ပြည်ပမှ ပဲပုပ်ဖတ်တွေ တင်သွင်းရတဲ့ အခြေအနေကို ရောက်ရှိလာနိုင်တယ်လို့လည်း ဆိုထားပါတယ်။

ဒါကြောင့် ဆီစက်ပိုင်လုပ်ငန်းတွေအနေနဲ့ ကြိတ်ဖတ်တွေကိုသိုလှောင်ပြီး ဈေးကစားတာမျိုးမလုပ်ဖို့ အသိပေးလာတာဖြစ်တယ်လို့ သိရပါတယ်။

“ ပဲဖတ်ဈေးက ပြန်တက်လာတာပါ။ ပဲဖတ်ဈေးတက်တော့ ပဲဆီဈေးကိုချရောင်းပေးလို့ရတာပေါ့။ ပဲဖတ်က မွေးမြူရေးအစာအတွက်သုံးကြတာပါ။ ကျွန်မတို့ကတော့ ကြိတ်ခွဲပြီးလို့ လာဝယ်ရင် ရောင်းလိုက်တာပဲ။ သိုလှောင်တာမျိုးမရှိဘူး" လို့ တစ်နိုင်တစ်ပိုင်ဆီကြိတ်လုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောပါတယ်။

လက်ရှိပြည်တွင်းမှာ ပဲဆီ၊ နှမ်းဆီ၊ နေကြာဆီကို စားသုံးမှုများပြီး ကျန်တဲ့ဆီတွေကတော့ အသုံးပြုမှုနည်းတယ်လို့ သိရပါတယ်။

စက်တင်ဘာ ၁၈ ရက်နေ့ မန္တလေးကုန်စည်ဒိုင်မှာ ပဲဖတ်တစ်ပိဿာကို ၅၈၀၀ မှ ၅၈၅၀ ကျပ်၊ နှမ်းဖတ် တစ်ပိဿာကို ၃၅၀၀ မှ ၃၆၀၀ ကျပ်၊ နေကြာဖတ်တစ်ပိဿာ ၂၉၀၀ မှ ၃၁၀၀ ကျပ်၊ မုန်ညင်းဖတ်တစ်ပိဿာကို ၂၉၅၀ မှ ၃၀၀၀ ကျပ် ရှိနေပါတယ်။

**Source:** https://htwettoe.com/

## ပြည်ပတင်ပို့မှု မရှိသည့်အတွက် ကြက်သွန်နီဈေးကျနေ



အခုနှစ်မှာ ချောင်းကြက်သွန်ပေါ်ပြီးကတည်းက ပြည်ပတင်ပို့မှုမရှိတဲ့အတွက်ကြက်သွန်နီဈေးကျဆင်းနေတယ်လို့ ကုန်သည်တွေထံက သိရပါတယ်။

လက်ရှိမှာ ပြည်တွင်းသုံးစွဲမှုသာရှိနေပြီး ကြက်သွန်နီတစ်ပိဿာကို အနိမ့်ဆုံးဈေး ကျပ် ၁၂၀၀ ဝန်းကျင်ကနေ အမြင့်ဆုံးဈေး ၁၆၀၀ ဝန်းကျင်သာရှိနေတာပါ။ အရင်နှစ်တွေက မကွေးတိုင်းဒေသကြီးက ထွက်ရှိတဲ့ ကြက်သွန်တွေကို ဘင်္ဂလားဒေ့ရှ်နဲ့အိန္ဒိယနိုင်ငံတွေကို တင်ပို့ခဲ့ရတယ်လို့ ဆိုပါတယ်။

အရင်နှစ်တွေက အခုလိုအချိန်ကာလဆိုရင် ကြက်သွန်နီဈေးတက်ပြီး အခုနှစ်မှာတော့ ဈေးငြိမ်နေတယ်လို့ ကြက်သွန်ကုန်သည်တစ်ဦးက ပြောပါတယ်။

ပြီးခဲ့တဲ့နှစ်တွေက သီတင်းကျွတ်ရက်နားနီးရင် ကြက်သွန်နီတစ်ပိဿာကို ကျပ် ၃၀၀၀ အထိ ဈေးမြင့်တက်ခဲ့တာပါ။ မကွေးတိုင်းဒေသကြီးမှာ ကုန်းကြက်သွန်နဲ့ချောင်းကြက်သွန်ဆိုပြီး နှစ်မျိုးစိုက်ပျိုးကြပြီး နတ်တော်လလောက်မှ ပေါ်မှာဖြစ်တယ်လို့ သိရပါတယ်။

**Source:** https://onenewstvchannel.com/

## ကျောင်းကုန်းမြို့နယ်၌ ဖူးစားပြောင်းများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ



ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်၌ ဖူးစားပြောင်းများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေး လုပ်ငန်းလုပ်ကိုင်သူတစ်ဦးထံက သိရသည်။

ကျောင်းကုန်းမြို့နယ်၌ စက်တင်ဘာလဒုတိယပတ်မှစ၍ ဖူးစားပြောင်းများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း အဆိုပါဖူးစားပြောင်းများဝယ်လိုအားကောင်းလာခြင်းသည် ဒေသထွက်ဖူးစားပြောင်းများကို ပုသိမ်အပါအဝင် တခြားဒေသ

များမှ ဝယ်လို အားကောင်းလာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"ဒေသထွက်ဖူးစားပြောင်းတွေကို ဒေသဈေးကွက်အပြင် တခြားဒေသတွေကပါ အဝယ်လိုက်နေပါတယ်။ လက်ရှိမှာ ဖူးစားပြောင်းတွေ အဝယ်လိုက်နေတဲ့အပြင် ဈေး လည်းကောင်းလာပါတယ်။ ဒေသထွက်ဖူးစားပြောင်းတွေကို ရန်ကုန်ဈေးကွက်က လည်း အဝယ်လိုက်နေပါတယ်" ဟု ၎င်းကပြောသည်။

ကျောင်းကုန်းမြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူများသည် ဒေသထွက်ဖူးစားပြောင်းများကို ဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ ပြန်လည်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း၊ အဆိုပါဒေသထွက် ဖူးစားပြောင်းများသည် ပိုးမွှား ကင်းရှင်းပြီး အရည်အသွေးကောင်းမွန်သဖြင့် ဈေးကောင်းရရှိနေခြင်းဖြစ်ကြောင်း သိရသည်။

**Source :** https://www.myawady.net.mm/

## တရုတ်နိုင်ငံ၏ ထိပ်တန်းဝါထွက်ဒေသအဖြစ် ရပ်တည်နေသည့် ရှင်းကျန်းဒေသသည် အနောက်ဘက်နိုင်ငံများသို့ ဆက်သွယ်မည့် ဂိတ်တံခါးပေါက်တစ်ခုဖြစ်လာရန် ရည်မှန်းထား

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရှင်းကျန်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ Xinjiang Uygur Autonomous Region သည် ၎င်း၏ ဒေသဆိုင်ရာတံခါးဖွင့်မဟာဗျူဟာ regional opening-up strategy ကို နိုင်ငံ၏ အနောက်ဘက်ဒေသတံခါးဖွင့်အစီအစဉ် အားလုံးတွင် လိုက်လျောညီထွေပေါင်းစည်းနိုင်ခဲ့ကြောင်း တရုတ်နိုင်ငံတော်ကောင်စီပြန်ကြားရေးရုံး State Council Information Office မှ ထုတ်ပြန်သည့် စက္ကူဖြူစာတမ်းတွင် ဖော်ပြခဲ့သည်။

ရှင်းကျန်းသည် ယူရေးရှားတိုက်ကြီး Eurasian continent ကိုဖြတ်၍ ရွှေရောင်လမ်းကြောင်းတစ်ခုတည်ဆောက်ရန်နှင့် အနောက်ဘက်သို့ဆက်သွယ်မည့် တံခါးပေါက်တစ်ခုတည်ဆောက်ရန်ရည်ရွယ်ထားကြောင်း ခေတ်သစ်တွင် ရှင်းကျန်းကိုစီမံခန့်ခွဲရန်အတွက် CPC လမ်းညွှန်ချက်များ လက်တွေ့ကျင့်သုံးမှုနှင့် အောင်မြင်မှုများ CPC Guidelines for Governing Xinjiang in the New Era: Practice and Achievementsခေါင်းစဉ်တပ်ထားသည့် စက္ကူဖြူစာတမ်းတွင် ဖော်ပြထားသည်။

ထို့ကြောင့် ရှင်းကျန်းသည် ပိုမိုကျယ်ပြန့်သောလမ်းကြောင်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်မြှင့်လုပ်ဆောင်လာခဲ့သည်။ စက္ကူဖြူစာတမ်းအရ ရှင်းကျန်းသည် တစ်နှစ်ပတ်လုံးလုပ်ငန်းဆောင်ရွက်နိုင်သည့် Kunjirap ဆိပ်ကမ်းအပါအဝင် ဆိပ်ကမ်း ၁၉ ခုကို တည်ထောင်ခဲ့သည်။

၂၀၂၄ ခုနှစ်တွင် တရုတ်-ဥရောပ မီးရထားအမြန်လမ်း China Europe Railway Express သည် ရှင်းကျန်းမှတစ်ဆင့် ကုန်တင်ရထားစုစုပေါင်းအကြိမ်ရေ ၁၆,၄၀၀ ကြိမ်ဖြတ်သန်းခဲ့ပြီး ယင်းသည် ယင်းလမ်းကြောင်းပေါ်တွင် ရထားအရေအတွက် ၁၀,၀၀၀ ကျော်ရှိပြီဖြစ်သည့် ပဉ္စမမြောက်နှစ်အဖြစ် မှတ်တမ်းတင်နိုင်ခဲ့သည်။

စက္ကူဖြူစာတမ်းအရ ၁၉၅၀ ခုနှစ်များတွင် ရှင်းကျန်း၏ စီးပွားရေးနှင့် ကုန်သွယ်ရေးမိတ်ဖက်များ အရေအတွက်သည် နိုင်ငံအနည်းစုသာရှိခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် မိတ်ဖက်နိုင်ငံနှင့် ဒေသပေါင်း ၁၉၆ ခုသို့ သိသိသာသာတိုးလာခဲ့သည်။ ၂၀၂၄ ခုနှစ်တွင် ၂၁၁ ခုသို့ ရောက်ရှိခဲ့သည်။

ဖွင့်လှစ်ခြင်းအတွက် ပလပ်ဖောင်းသည် ပိုမိုတိုးတက် ကောင်းမွန်လာခဲ့သည်။ China Xinjiang Pilot Free Trade Zone ကို ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် အတည်ပြုတည်ထောင်နိုင်ခဲ့သည်။ တစ်နှစ်အတွင်း စီးပွားရေးလုပ်ငန်းစုစုပေါင်း ၉,၀၀၀ ကျော်သည် ဒေသ၏ စုစုပေါင်းပို့ကုန်၊သွင်းကုန် တန်ဖိုး၏ ၃၀ ရာခိုင်နှုန်းကျော်ရှိသော အဆိုပါဇုန်သို့ ပြောင်းရွှေ့လာခဲ့ကြသည်။

ထို့ပြင် ၂၀၂၄ ခုနှစ်တွင် ရှင်းကျန်းဒေသ၏ ဝါဂွမ်းထုတ်လုပ်မှုသည် တန်ချိန် ၅ ဒသမ ၆၉ သန်းရှိခဲ့ပြီး နိုင်ငံ စုစုပေါင်း ထုတ်လုပ်မှု၏ ၉၂ ဒသမ ၃ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားပြီး ၃၂ နှစ်ဆက်တိုက် နိုင်ငံ၏ ထိပ်တန်းဝါထွက်ဒေသအဖြစ် ဆက်လက်ရပ်တည်လျက်ရှိသည်။ စက္ကူဖြူစာတမ်းဖော်ပြချက်အရ ရှင်းကျန်းဒေသသည် ထွန်ယက်စိုက်ပျိုးခြင်းနှင့် ရိတ်သိမ်းခြင်းလုပ်ငန်း

များ၌ စက်မှုလယ်ယာစနစ်အသုံးပြုမှုနှုန်းသည် ၉၇ ရာခိုင်နှုန်းအထိ ရောက်ရှိခဲ့ကြောင်း တွေ့ရှိရသည်။

အမျိုးသားမဟာဗျူဟာလိုအပ်ချက်များကို အလေးထားလျက် ၎င်း၏ သဘာဝအရင်းအမြစ်များနှင့် စက်မှုလုပ်ငန်းစွမ်းရည်များကို အသုံးချ၍ ရှင်းကျန်းသည် ၎င်း၏ကိုယ်ပိုင်ထူးခြားသော အားသာချက်များ its own unique advantages ဖြင့် ခေတ်မီစက်မှုလုပ်ငန်းစနစ်တစ်ရပ် a modern industrial system ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုများကို အရှိန်မြှင့်တင်ကြိုးပမ်းဆောင်ရွက်လျက် ရှိသည်။

ရှင်းကျန်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်ပဆက်ဆံရေးဟူသော ဝိသေသလက္ခဏာနှစ်ရပ်ဖြင့် ပေါင်းစပ်ဖော်ဆောင်နေသော ဒေသအဖြစ် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ဝါဂွမ်းကဏ္ဍတွင် စက်မှုလယ်ယာစနစ်မြင့်မားစွာ အသုံးပြုနိုင်မှုသည် ထုတ်လုပ်မှုစွမ်းရည်နှင့် စီးပွားရေးထိရောက်မှုတို့ကို သိသိသာသာမြှင့်တင်ပေးနိုင်သည်ကို ဖော်ဆောင်ပေးလျက်ရှိကြောင်းနှင့် ၎င်း၏ ဖွံ့ဖြိုးတိုးတက်မှုများသည် ဒေသတွင်းစီးပွားရေးတည်ငြိမ်ဖွံ့ဖြိုးမှုအတွက် ခိုင်မာသောအုတ်မြစ်ကိုချမှတ်ပေးလျက်ရှိပြီး နိုင်ငံတကာဈေးကွက်သို့ ပိုမိုဆက်သွယ်ဝင်ရောက်နိုင်ရန် အခွင့်အလမ်းများဖန်တီးပေးလျက်ရှိကြောင်း တွေ့ရှိရသည်။

**Source :** **https://en.people.cn/n3/2025/0919/c90000-20368246.html**

**https://en.people.cn/n3/2025/0919/c90000-20368239.html**

**လျှန်ရှန်းမုန်၊ စီးပွားရေးသံမှူး၊ ကူမင်းမြို့**

https://myantrade.gov.mm/

## စင်ကာပူ – ဘရူနိုင်းဝန်ကြီးများအဆင့်ပူးတွဲကော်မတီအစည်းအဝေးကျင်းပ

စင်ကာပူ – ဘရူနိုင်းဝန်ကြီးများအဆင့် ပူးတွဲကော်မတီအစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့က စင်ကာပူနိုင်ငံတွင် ကျင်းပခဲ့ပြီး စင်ကာပူနိုင်ငံ စွမ်းအင်၊ သိပ္ပံနှင့် နည်းပညာတာဝန်ခံဝန်ကြီး Dr Tan See Leng နှင့် ဘရူနိုင်းနိုင်ငံ ဘဏ္ဍာရေးနှင့် စီးပွားရေးဝန်ကြီး Dato Dr Amin Liew Abdullah တို့က ပူးတွဲဥက္ကဋ္ဌများအဖြစ် ဆောင်ရွက်ခဲ့သည်။

ဝန်ကြီးများအဆင့် ပူးတွဲကော်မတီအစည်းအဝေးသည် စင်ကာပူနိုင်ငံနှင့် ဘရူနိုင်းနိုင်ငံအကြား အဓိကစီးပွားရေးစင်္ကြံတစ်ခုအဖြစ် ဆောင်ရွက်ပေးခြင်းဖြစ်ပြီး အစားအစာထောက်ပံ့မှု၊ ဆေးပစ္စည်း၊ ကာဗွန်နည်းစွမ်းအင်၊ ကာဗွန်ဈေးကွက်နှင့် ကာဗွန်ဓာတ်ငွေ့သိုလှောင်သိမ်းဆည်းမှု၊ အစိမ်းရောင်စီးပွားရေး စသည့်မဟာဗျူဟာနယ်ပယ်များတွင် စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်ရန်ဖြစ်သည်။

အစည်းအဝေးတွင် နှစ်နိုင်ငံဝန်ကြီးများသည် စီးပွားရေးခိုင်မာအားကောင်းစေရေးနှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်ရန် ထပ်လောင်းအတည်ပြုခဲ့ပြီး ဘရူနိုင်းနိုင်ငံက ငါးမွေးမြူရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန်စိတ်ဝင်စားမှုကို ကြိုဆိုကြောင်း၊ စားနပ်ရိက္ခာဖူလုံရေး၊ တန်ဖိုးကွင်းဆက်တစ်လျှောက် အလုပ်အကိုင်ဖန်တီးနိုင်ရေးအလားအလာရှိမည်ဖြစ်ကြောင်း၊ စက်တင် ဘာလ ၅ ရက်နေ့မှ ၇ ရက်နေ့အထိ ပြုလုပ်ခဲ့သည့် Brunei Week ကဲ့သို့သောအခမ်းအနားများကို ဥပမာပြု၍ နှစ်နိုင်ငံအကြား စီးပွားရေးလုပ်ငန်းများအချင်းချင်းပူးပေါင်းဆောင်ရွက်နိုင်မှုအားကောင်းစေရေးမှာအရေးကြီးကြောင်းအသိအမှတ်ပြုမှတ်တမ်းတင်ခဲ့ သည်။

၂၀၂၄ ခုနှစ် နှစ်ကုန်ပိုင်းတွင် အမဲသားတင်ပို့ခွင့်ရရှိခဲ့ပြီး ပြုပြင်ထားသည့်အမဲသားထုတ်ကုန်များအပါအဝင် ဘရူနိုင်းနိုင်ငံ၏ စားသောက်ကုန်များ စင်ကာပူနိုင်ငံသို့ တင်ပို့နိုင်မှုအခြေအနေကို ကြိုဆိုခဲ့ပါသည်။

ဆိုလာစွမ်းအင်၊ ဘက်ထရီနှင့် စွမ်းအင်သိုလှောင်သိမ်းဆည်းမှုစနစ်ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဖြတ်ကျော်ကာဗွန်ဓာတ်ငွေ့သိုလှောင်သိမ်းဆည်းရေးစီမံကိန်းများ စသည်တို့တွင် နှစ်နိုင်ငံအစိုးရဝန်ထမ်းများအကြား အသိပညာဖလှယ်သည့်အစီအစဉ်များအပါအဝင် ပူးပေါင်းဆောင်ရွက်မှုများကို အသိအမှတ်ပြုခဲ့သည်။

နှစ်နိုင်ငံအနေဖြင့် ဆေးဝါးထောက်ပံ့မှုကိုမြှင့်တင်ရန်အတွက် မဟာဗျူဟာများကို ဆက်လက်ရှာဖွေလေ့လာရန်နှင့် ဆွေးနွေးမှုများဆက်လက်လုပ်ဆောင်ရန် ကတိပြုခဲ့သည်။

ဝန်ကြီး Dr Tan See Leng က စင်ကာပူနိုင်ငံနှင့် ဘရူနိုင်းနိုင်ငံတို့ သည် ဆယ်စုနှစ် ၄ ခုကျော်ပူးပေါင်း ဆောင်ရွက်မှုများရှိခဲ့ကြောင်း၊ ဝန်ကြီးများအဆင့်ပူးတွဲကော်မတီအစည်းအဝေးသည် ရေရှည်တည်တံ့သည့်ဖွံ့ဖြိုးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်အသစ်များကို ရှာဖွေဖော်ထုတ်ရန်အတွက်ဖြစ်ကြောင်း၊ နှစ်နိုင်ငံပြည်သူများနှင့် စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများရှာဖွေရန် ဘရူနိုင်းနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

နှစ်နိုင်ငံသည် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုမိတ်ဖက်များဖြစ်ပြီး ၂၀၂၄ ခုနှစ်တွင် စုစုပေါင်းကုန်သွယ်မှုမှာ စင်ကာပူဒေါ်လာ ၄ ဒသမ ၈၈ ဘီလီယံရှိခဲ့သည်။

**Source : Ministry of Trade and Industry**

**သွယ်သွယ်ဆုတင်၊ စီးပွားရေးသံမှူး၊ စင်ကာပူမြို့**

https://myantrade.gov.mm/

## STOCK EXCHANGE (24.9.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 23rd Sep. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 12,182 (Shares) | 35,249,750 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,600 | +0 | +0.00% | 7,600 | 7,600 | 7,600 | 178 | 1,352,800 | 33,109,694 | 251,634 |
| MTSH | 00002 | 3,200 | +0 | +0.00% | 3,200 | 3,200 | 3,200 | 1,380 | 4,416,000 | 38,929,150 | 124,573 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,800 | 7,800 | 7,700 | 65 | 503,500 | 10,400,986 | 80,088 |
| FPB | 00004 | 2,850 | +300 | +11.76% | 2,600 | 2,850 | 2,600 | 8,082 | 22,085,700 | 29,664,613 | 84,544 |
| TMH | 00005 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 750 | 1,987,500 | 12,823,224 | 33,982 |
| EFR | 00006 | 1,900 | -50 | -2.56% | 1,950 | 1,950 | 1,900 | 504 | 957,800 | 19,977,223 | 37,957 |
| AMATA | 00007 | 3,250 | -50 | -1.52% | 3,300 | 3,300 | 3,150 | 795 | 2,517,650 | 10,497,598 | 34,117 |
| MAEX | 00008 | 3,350 | +0 | +0.00% | 3,350 | 3,350 | 3,300 | 428 | 1,428,800 | 23,804,946 | 79,747 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 23rd Sep. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 385.24 | +3.91 | +1.03% | 382.67 | 385.24 | 381.29 | 12,182 | 35,249,750 | 8 | 726,642 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 23rd Sep. 2025

| Trading Volume | Trading Value |
|---|---|
| 13,050 (Shares) | 37,549,950 (MMK) |

## Main Board

As of 1:00 pm, 23rd Sep. 2025

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 12,182 (Shares) | 35,249,750 (MMK) |

| MYANPIX | 385.24 ▲ 3.91 |
|---|---|
| Total Volume (shares) | 12,182 |
| Total Value (MMK) | 35 mil |
| Listed Company | 8 |
| Market Cap. (MMK) | 726,642 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,600 | ▲ 0 |
| MTSH | 00002 | 3,200 | ▲ 0 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 2,850 | ▲ 300 |
| TMH | 00005 | 2,650 | ▲ 0 |
| EFR | 00006 | 1,900 | ▼ 50 |
| AMATA | 00007 | 3,250 | ▼ 50 |
| MAEX | 00008 | 3,350 | ▲ 0 |

TIR